# မြန်မာအမျိုးသားကွန်ဂရက်
# (Myanmar National Congress)
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ

## နိဒါန်း

ဒီမိုကရေစီ၊ လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးတို့ မြန်မာနိုင်ငံတွင် ထွန်းကားလာမှသာ အမှန်တကယ်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်သည်။ လူမျိုးမရွေး၊ ကျား-မ မရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ်မရွေး၊ နေထိုင်ရာဒေသမရွေး၊ ငွေကြေးဆင်းရဲချမ်းသာမရွေး မြန်မာနိုင်ငံသားတို့သည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဒီမိုကရေစီနည်းကျကျရွေးချယ်ထားသည့် အစိုးရအုပ်ချုပ်ရေးစနစ်၏ ဦးဆောင်မှုဖြင့် မိမိတို့မွေးရာပါ လူ့အခွင့်အရေးကို အပြည့်အဝခံစားရရှိစေနိုင်ခြင်းငှာ ပြည်သူလူထုနှင့်တသားတည်း လက်တွဲဆောင်ရွက်မည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် **"မြန်မာအမျိုးသားကွန်ဂရက်"**ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။

## အခန်း (၁)

### ၁။ အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

ပါတီ၏အမည်မှာ "မြန်မာအမျိုးသားကွန်ဂရက်"ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် (Myanmar National Congress)ဟု ခေါ်တွင်စေရမည်။ မြန်မာတစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ စုပေါင်းကြိုးပမ်းဆောင်ရွက်ကြခြင်းအားဖြင့်၊ နိုင်ငံ၏ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အခွန့်ရှည်တည်တံ့စေမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားအားလုံး၌ တာဝန်ရှိကြောင်းဖော်ပြသည်။

### ၂။ အလံနှင့်တံဆိပ်

အနီရောင်နောက်ခံ၏အလယ်တွင် ရွှေဝါရောင်ခွပ်ဒေါင်းပုံတစ်ခုပါရှိသည်။

အနီရောင်နောက်ခံသည် ရဲရင့်တက်ကြွသော ဒီမိုကရေစီအရေးစိတ်ဓာတ်ကို ရည်ညွှန်းသည်။ ရွှေဝါရောင်ခွပ်ဒေါင်းသည် မြန်မာ့အမျိုးသားရေးအကျိုးစီးပွားအတွက် မည်သည့်တိုင်းတစ်ပါးသြဇာလွှမ်းမိုးမှုမျိုးမကိုမဆို မဆုတ်မနစ်ခုခံတိုက်ပွဲဝင်သွားမည်ကို ရည်ညွှန်းသည်။

မြန်မာအမျိုးသားကွန်ဂရက်က သုံးစွဲသည့်အလံ နှင့် တံဆိပ်မှာ အတူတူပင်ဖြစ်သည်။

## အခန်း (၂)

### ၃။ ရည်ရွယ်ချက်

(က) ဒီမိုကရေစီအရေး၊ လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးတို့ မြန်မာနိုင်ငံတွင် အခွန့်ရှည်တည်တံ့စေရန်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အမျိုးသားရေးအင်အားစုအားလုံးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန်။

(ဂ) အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်သော နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရေရှည်ရပ်တည်သွားရန်။

(ဃ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်၏ အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားနိုင်စေရန်။

(င) အမှီအခိုကင်း၍ လွတ်လပ်စွာလှုပ်ရှားနိုင်သော၊ နိုင်ငံအချင်းချင်းတန်းတူဆက်ဆံနိုင်ပြီး၊ အပြန်အလှန်စာနာ နားလည်ပေးနိုင်သည့်၊ နိုင်ငံခြားရေးဝါဒတစ်ရပ်ကို ထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်။

## အခန်း (၃)

**၄။ ပါတီ၏ဌာနချုပ်တည်နေရာ**

မြန်မာအမျိုးသားကွန်ဂရက်၏ ပါတီဌာနချုပ်တည်နေရာသည် ရန်ကုန်မြို့၌ တည်ရှိသည်။

**၅။ ပါတီ၏စည်းရုံးရေးနယ်နိမိတ်**

မြန်မာအမျိုးသားကွန်ဂရက်၏ စည်းရုံးရေးနယ်နိမိတ်သည် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ သတ်မှတ်ထားသော နယ်နိမိတ်အတိုင်းဖြစ်သည်။

## အခန်း (၄)

**၆။ ပါတီဝင်ခွင့်လျှောက်ထားခြင်းနှင့် ၎င်းလျှောက်ထားချက်ကိုလက်ခံခြင်း၊ ပါတီမိတ်ဆွေအဖြစ်လက်ခံခြင်းနှင့်ပါတီ၏သစ္စာအဓိဋ္ဌာန်**

**(၁) မြန်မာအမျိုးသားကွန်ဂရက်၏ ပါတီဝင်အဖြစ်လျှောက်ထားလိုသူသည် အောက်တွင် ဖော်ပြပါအချက်များနှင့်အတူ မိမိနေထိုင်ရာမြို့နယ်ဒေသရှိ မြန်မာအမျိုးသားကွန်ဂရက်၏ အဆင့်ဆင့်သတ်မှတ်ထားသော တာဝန်ခံမှတဆင့် လမ်းစဉ်အတိုင်းလျှောက်ထားရမည်။**

(က) မြန်မာအမျိုးသားကွန်ဂရက်၏ သတ်မှတ်ထားသော လျှောက်လွှာပုံစံကိုဖြည့်သွင်းခြင်း၊

(ခ) မြန်မာအမျိုးသားကွန်ဂရက်၏ လက်ရှိပါတီဝင်တစ်ဦး၏ ထောက်ခံချက်ကိုရယူခြင်း၊

(ဂ) ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖတ်ရှုလက်မှတ်ရေးထိုးခြင်း၊

**(၂) မြန်မာအမျိုးသားကွန်ဂရက်သို့ ပါတီဝင်အဖြစ်ဝင်ရောက်လိုသူများသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင်ပါတီဝင်အဖြစ် လက်ခံနိုင်သည်။**

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်ကတ်ပြား/ ဧည့်နိုင်ငံသားလက်မှတ်/ နိုင်ငံသားပြုခွင့်လက် မှတ်(သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတစ်ဦးဖြစ်ရမည်။

(ခ) အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) သာသနာ့ဝန်ထမ်းမဖြစ်စေရ။

(ဃ) နိုင်ငံဝန်ထမ်းမဖြစ်စေရ။

(င) ထောင်ဒဏ်ကျခံစေရသူမဖြစ်စေရ။

(စ) နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် (သို့မဟုတ်) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ(သို့မဟုတ်) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်းဝင် (သို့မဟုတ်) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်းဝင် (သို့မဟုတ်) ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်ခြင်း(သို့မဟုတ်) အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဖြစ်စေရ။

(ဆ) တည်ဆဲဥပဒေပါပြစ်မှု တစ်ရပ်ရပ်နှင့်ငြိစွန်းသူမဖြစ်စေရ။

(ဇ) နိုင်ငံခြားသား(သို့မဟုတ်)နိုင်ငံခြားသားအဖြစ် ခံယူထားသူမဖြစ်စေရ။

**(၃) ပါတီမိတ်ဆွေအဖြစ် အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများကိုသာ လက်ခံရန်သတ်မှတ်သည်။**

(က) မြန်မာ့နိုင်ငံအရေးတွင် စိတ်ပါဝင်စားမှုရှိပြီး မြန်မာအမျိုးသားကွန်ဂရက်၏ ပါတီလုပ်ငန်းများတွင်၊ အချိန်ပိုင်းပါဝင်ဆောင်ရွက်လိုသူဖြစ်ရမည်။

(ခ) မြန်မာအမျိုးသားကွန်ဂရက်၏ ပါတီလုပ်ငန်းများတွင် အကြံပြုချက်များပေးခြင်းဖြင့်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်သော ငွေကြေးထောက်ပံ့ခြင်းအားဖြင့်လည်းကောင်း ပါဝင်လိုသူ ဖြစ်ရမည်။

**(၄) မြန်မာအမျိုးသားကွန်ဂရက်ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်သားပြည်သူများအပေါ် သစ္စာရှိပါ မည်။

(ခ) မြန်မာအမျိုးသားကွန်ဂရက်အပေါ် သစ္စာရှိပါမည်။

(ဂ) အမျိုးသားနိုင်ငံရေးအကျိုးစီးပွားကို အစဉ်အမြဲကာကွယ်စောင့်ရှောက်ပါမည်။

## အခန်း (၅)

### ၇။ ပါတီဝင်များလိုက်နာရမည့်စည်းကမ်းချက်များ

မြန်မာအမျိုးသားကွန်ဂရက်၏ ပါတီဝင်များအတွက် အောက်ပါစည်းကမ်းချက်များကို ပြဋ္ဌာန်းသည်။

(က) ပါတီဝင်များသည် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေတွင် ဖော်ပြထားသည့်ရည်ရွယ်ချက်၊ မူဝါဒလမ်းစဉ်၊ ဆုံးဖြတ်ချက်နှင့်စည်းကမ်းများကို လိုက်နာရမည်။

(ခ) ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲကင်းရမည်။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို အထူးရှောင်ကျဉ်ရမည်။

(ဂ) မြန်မာအမျိုးသားကွန်ဂရက်၏ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပါတီဝင်ကြေးကို ပေးဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကိုယ်ကျိုးရှာမှုများနှင့် တစ်ကိုယ်ကောင်းဆန်မှုများကို အထူး ရှောင်ကျဉ်ရမည်။

(င) ပါတီဝင်များလိုက်နာရမည့်အချက်များကို ပါတီညီလာခံနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က လိုအပ်သလိုသတ်မှတ်မည်။

## အခန်း (၆)

**၈။ ဖွဲ့စည်းပုံ**

မြန်မာအမျိုးသားကွန်ဂရက်၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ပါအတိုင်းသတ်မှတ်သည်။

(က) အခြေခံပါတီ(ကျေးရွာ သို့မဟုတ် ရပ်ကွက်)

(ခ) မြို့နယ်ပါတီ

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပါတီ

(ဃ) ဗဟိုကော်မတီ

(င) ဗဟိုဌာနချုပ်

(စ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ

## အခန်း (၇)

**၉။ အလုပ်အမှုဆောင်အဖွဲ့များ**

ကျေးရွာအခြေခံပါတီ၊ ရပ်ကွက်ပါတီ၊ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းနိုင်သည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အတွင်းရေးမှူး နှင့်

၄။ အမှုဆောင်(၆)ဦးအထိ

**၁၀။ မြို့နယ်ပါတီ**

မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းနိုင်သည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အတွင်းရေးမှူး နှင့်

၄။ အမှုဆောင်(၈)ဦးအထိ

**၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပါတီ**

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းနိုင်သည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အတွင်းရေးမှူး နှင့်

၄။ အမှုဆောင်(၁၀)ဦးအထိ

**၁၂။ ပါတီဌာနချုပ်**

ပါတီဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းနိုင်သည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အထွေထွေအတွင်းရေးမှူး

၄။ တွဲဖက်အတွင်းရေးမှူးများ နှင့်

၅။ အမှုဆောင် (၁၂)ဦး အထိ

**၁၃။ ညီလာခံကိုယ်စားလှယ်**

(က) အခြေခံပါတီတွင် ပါတီဝင်(၅)ဦးမှ (၁၅၀)ဦးအထိရှိလျှင် မြို့နယ်ညီလာခံသို့ ညီလာခံကိုယ်စားလှယ်(၅)ဦး၊ အကယ်၍ (၁၅၀)ဦးထက်ပိုလျှင် အပို(၅၀)ပြည့်တိုင်း နောက်ထပ်ညီလာခံကိုယ်စားလှယ်(၁)ဦးကျ ထပ်မံရွေးချယ်ခွင့်ရှိသည်။

(ခ) မြို့နယ်ပါတီတွင် ပါတီဝင်(၅၀၀)မှ (၁၀၀၀)အထိရှိလျှင် တိုင်းသို့မဟုတ် ပြည်နယ်ညီလာခံသို့ ကိုယ်စားလှယ်(၁၀)ဦး၊ အကယ်၍(၁၀၀၀)ထက်ပိုလျှင် အပို(၅၀၀)တိုးတိုင်း ကိုယ်စားလှယ်(၁)ဦးကျ ထပ်မံရွေး ချယ်ခွင့်ရှိသည်။

(ဂ) တိုင်း သို့မဟုတ် ပြည်နယ်ပါတီတွင် ပတီဝင် (၅၀၀)မှ (၁၀၀၀)အထိရှိလျှင် နိုင်ငံလုံးဆိုင်ရာညီလာခံသို့ ကိုယ်စားလှယ်(၅)ဦး၊ အကယ်၍ (၁၀၀၀)ထက်ပိုလျှင် အပို(၁၀၀၀)အတွက် ကိုယ်စားလျှယ်(၅) ဦးကျ ထပ်မံရွေးချယ်ခွင့်ရှိသည်။

**၁၄။ ဒီမိုကရေစီစနစ်အရ ရွေးကောက်တင်မြှောက်ခြင်း။**

မြန်မာအမျိုးသားကွန်ဂရက်၏ အဆင့်ဆင့်အလုပ်အမှုဆောင်အဖွဲ့ကို ဒီမိုကရေစီစနစ်အရ ရွေးကောက်တင်မြှောက်ရမည်။ အနည်းစုက အများစုကို နာခံရမည်။ ပါတီဝင်တစ်ဦးချင်းစီလည်းကောင်း၊ ပါတီတစ်ရပ်လုံးသည်လည်းကောင်း၊ ဗဟိုကော်မတီကိုနာခံရမည်။ ညီလာခံများတွင် ကိုယ်စားလှယ်များနှင့် အလုပ်အမှုဆောင်များသာ မဲပေးနိုင်သည်။

**၁၅။ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ**

(က) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံသည် ပါတီ၏အမြင့်ဆုံးအာဏာပိုင် ဖြစ်သည်။

(ခ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကို (၄)နှစ်လျှင်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကို ဗဟိုကော်မတီကခေါ်ယူရမည်။

## အခန်း (၈)

## ၁၆။ ဗဟိုကော်မတီ

(က) ဗဟိုကော်မတီသည် ညီလာခံတစ်ခုနှင့်တစ်ခုအကြားတွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။

(ခ) ဗဟိုကော်မတီအား ပါတီညီလာခံမှ ရွေးကောက်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်။

(ဂ) ပါတီဗဟိုအလုပ်မှုဆောင်ကော်မတီကို၊ ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်ဖွဲ့စည်းရမည်။

(ဃ) ဗဟိုကော်မတီသည် ပါတီညီလာခံမှချမှတ်သော လမ်းစဉ်၊ လုပ်ငန်းစဉ်နှင့်ဆုံးဖြတ်ချက်များကို တာဝန်ခံအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(င) ပါတီဗဟိုကော်မတီအစည်းအဝေးကို၊ အနည်းဆုံး(၆)လတစ်ကြိမ် ခေါ်ယူရမည်။

(စ) ပါတီ၏ မူဝါဒများ၊ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်း နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုရေးဆွဲရန်၊ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါက၊ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးက ရေးဆွဲ ပြင်ဆင်ဖြည့်စွက်နိုင်သည်။ ယင်းရေးဆွဲချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များကို၊ အနီးကပ်ဆုံးပါတီညီလာခံသို့ တင်သွင်းအတည်ပြုချက်ရယူရမည်။

## အခန်း (၉)

## ၁၇။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

(က) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံမှ ရွေးကောက်တင်မြှောက်လိုက်သော ဗဟိုကော်မတီများထဲမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များအား၊ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးတွင်၊ ရွေးချယ်တာဝန် ပေးရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည်၊ ဗဟိုကော်မတီအစည်းအဝေးက အပ်နှင့်သော အခွင့်အာဏာများနှင့် ပါတီ၏လုပ်ငန်းစဉ်များကို၊ ဦးစီးအကောင်အထည်ဖော်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို၊ အနည်းဆုံး(၃)လတစ်ကြိမ် ပုံမှန်ကျင်းပရမည်။

## ၁၈။ ဥက္ကဋ္ဌ။

(က) ဥက္ကဋ္ဌသည်ပါတီ၏ အမြင့်ဆုံးနှင့်တာဝန်အရှိဆုံးခေါင်းဆောင်ဖြစ်သည်။

(ခ) ဗဟိုကော်မတီနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းများအား၊ တာဝန်ယူဦးစီးကွပ်ကဲရမည်။

(ဂ) ပါတီဖွဲ့စည်းပုံစည်းမျဉ်း၊ နိုင်ငံရေးလမ်းစဉ်နှင့် လုပ်ငန်းစဉ်များအား ထိန်းသိမ်းပေးရမည်။

(ဃ) ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်အစည်းဝေးတို့တွင် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

## ၁၉။ ဒု-ဥက္ကဋ္ဌ။

(က) ဒု-ဥက္ကဋ္ဌသည် ပါတီ၏ ဒုတိယအမြင့်ဆုံးနှင့် ဒုတိယတာဝန်အရှိဆုံး ခေါင်းဆောင်ဖြစ်သည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့်၊ ဥက္ကဋ္ဌသည် လုပ်ငန်းတာဝန်များကို မထမ်းဆောင်နိုင်သည့်ကာလများတွင်၊ ဒု-ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏တာဝန်များကို ထမ်းဆောင်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ နိုင်ငံရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးသုံးစွဲမှုကို ဒု-ဥက္ကဋ္ဌသည်၊ ဥက္ကဋ္ဌနှင့်ညှိနှိုင်းရမည်။

(ဃ) ဥက္ကဋ္ဌနှင့်ခွဲဝေသတ်မှတ်ထားသော ဗဟိုလုပ်ငန်းကော်မတီများကို၊ တာဝန်ယူခေါင်းဆောင်ရမည်။

**၂၀။ အထွေထွေအတွင်းရေးမှူး**

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီတစ်ရပ်လုံး၏ လုပ်ငန်းများပုံမှန်လည်ပတ်နေရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) အထွေထွေအတွင်းရေးမှူးသည် ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ဆုံးဖြတ်ချက်နှင့်လုပ်ငန်းလမ်းညွှန်တို့ကို ထုတ်ပြန်ရမည်။

(ဂ) ဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို ခေါ်ယူရမည်။

(ဃ) ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့တွင် အထွေထွေအတွင်းရေးမှူးသည် အကျိုးဆောင်အဖြစ်ဆောင်ရွက်ရမည်။

**၂၁။ တွဲဘက်အတွင်းရေးမှူးများ။**

(က) တွဲဘက်အတွင်းရေးမှူးများသည် အကြောင်းအမျိုးမျိုးကြောင့် အထွေထွေအတွင်းရေးမှူးတာဝန်ပေးပါက ပါတီ၏လုပ်ငန်းစဉ်များဖော်ဆောင်ရေးတွင် ကူညီဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အထွေထွေအတွင်းရေးမှူးသည် လုပ်ငန်းတာဝန်များမထမ်းဆောင်နိုင်သည့် ကာလများတွင် တွဲဘက်အတွင်းရေးမှူးက အထွေထွေအတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ရမည်။

**၂၂။ ဗဟိုလုပ်ငန်းကော်မတီများ**

(က) ဗဟိုကော်မတီသည် ပါတီ၏လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် ဗဟိုလုပ်ငန်းကော်မတီများကို လိုအပ်သလိုဖွဲ့စည်းရမည်။ လုပ်ငန်းကော်မတီတစ်ခုချင်းကို ဗဟိုအလုပ်အမှုဆောင်ကော်မ တီဝင် တစ်ဦးစီက ဦးဆောင်ရမည်။

(ခ) ဗဟိုကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ ဗဟိုလုပ်ငန်းကော်မတီများအတွက် ပါတီဝင်များအတွင်းမှ သင့်တော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ပြီး၊ အဖွဲ့ဝင်အဖြစ် တာဝန်ပေးရမည်။

## အခန်း (၁၀)

**၂၃။** မြန်မာအမျိုးသားကွန်ဂရက်၏ အလံတော်အောက်တွင် အမျိုးသမီးအဖွဲ့ကိုလည်းပါတီအဆင့်ဆင့်တွင် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ပြည်နယ်၊ ဗဟိုဌာနချုပ် အလုပ်အမှုဆောင်များကို ဖွဲ့စည်းသကဲ့သို့ အလားတူဖွဲ့စည်းရမည်။

၂၄။ မြန်မာအမျိုးသားကွန်ဂရက်၏ အလံတော်အောက်တွင် လူငယ်အဖွဲ့ကိုလည်း ပါတီအဆင့်ဆင့်တွင် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ပြည်နယ်၊ ဗဟိုဌာနချုပ် အလုပ်အမှုဆောင်များကို ဖွဲ့စည်းသကဲ့သို့ အလားတူ ဖွဲ့စည်းရမည်။

၂၅။ ပါတီ၊ အမျိုးသမီး၊ လူငယ်အဖွဲ့အစည်းများတွင် အထက်အောက်ဆက်စပ်မှုနှင့် ပါတီ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များ ဆက်စပ်မှုရှိစေရန် အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

**(က) ပါတီဌာနချုပ်အမှုဆောင်အဖွဲ့(Central Executive Committee)**

ပါတီဌာနချုပ်အမှုဆောင်အဖွဲ့တွင် ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့(Central Executive Working Committee)+ တိုင်းဒေသကြီး/ပြည်နယ်ပါတီဥက္ကဋ္ဌများ+ အမျိုးသမီးဌာနချုပ်ဥက္ကဋ္ဌ+လူငယ်ဌာနချုပ်ဥက္ကဋ္ဌ။

**(ခ) တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့**

တိုင်းဒေသကြီး/ပြည်နယ်ပါတီအမှုဆောင်အဖွဲ့တွင်၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့+ အမျိုးသမီးတိုင်းဒေသကြီး/ပြည်နယ်ဥက္ကဋ္ဌ+မြို့နယ်ပါတီဥက္ကဋ္ဌများ+ လူငယ်တိုင်းဒေသကြီး/ပြည်နယ်ဥက္ကဋ္ဌ။

**(ဂ) မြို့နယ်ပါတီအမှုဆောင်အဖွဲ့။**

မြို့နယ်ပါတီအမှုဆောင်အဖွဲ့တွင် မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့+ကျေးရွာ/ရပ်ကွက်ပါတီဥက္ကဋ္ဌများ+ အမျိုးသမီးမြို့နယ်ဥက္ကဋ္ဌ+ လူငယ်မြို့နယ်ဥက္ကဋ္ဌ။

**(ဃ) ကျေးရွာ/ရပ်ကွက်ပါတီအမှုဆောင်အဖွဲ့**

ကျေးရွာ/ရပ်ကွက်ပါတီအမှုဆောင်အဖွဲ့တွင် ကျေးရွာ/ရပ်ကွက်ပါတီအလုပ်အမှုဆောင်အဖွဲ့ + အမျိုးသမီးကျေးရွာ/ရပ်ကွက်ဥက္ကဋ္ဌ+လူငယ်ကျေးရွာ/ရပ်ကွက်ဥက္ကဋ္ဌ။

**၂၆။ အမျိုးသမီးဌာနချုပ်အမှုဆောင်အဖွဲ့။**

(က) **အမျိုးသမီးဌာနချုပ်အမှုဆောင်အဖွဲ့**တွင်

(၁) အမျိုးသမီးဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့

(၂) အမျိုးသမီးတိုင်းဒေသကြီး/ပြည်နယ်ဥက္ကဋ္ဌများ။

(ခ) **အမျိုးသမီးတိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့** တွင်

(၁) အမျိုးသမီးတိုင်း/ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့

(၂) အမျိုးသမီးမြို့နယ်ဥက္ကဋ္ဌများ

(ဂ) **အမျိုးသမီးမြို့နယ် အမှုဆောင်အဖွဲ့**တွင်

(၁) အမျိုးသမီးမြို့နယ် အလုပ်အမှုဆောင်အဖွဲ့

(၂) အမျိုးသမီးကျေးရွာ/ရပ်ကွက်ဥက္ကဋ္ဌများ။

**၂၇။ လူငယ်ဌာနချုပ်အမှုဆောင်အဖွဲ့။**

(က) **လူငယ်ဌာနချုပ်အမှုဆောင်အဖွဲ့**တွင်

(၁) လူငယ်ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့

(၂) တိုင်းဒေသကြီး/ပြည်နယ်လူငယ်ဥက္ကဋ္ဌများ။

(ခ) **လူငယ်တိုင်းဒေသကြီး/ပြည်နယ်အမှုဆောင်အဖွဲ့** တွင်

(၁) လူငယ်တိုင်းဒေသကြီး

(၂) ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့/မြို့နယ်လူငယ်ဥက္ကဋ္ဌများ။

(ဂ) **လူငယ်မြို့နယ်အမှုဆောင်အဖွဲ့**တွင်

(၁) လူငယ်မြို့နယ် အလုပ်အမှုဆောင်အဖွဲ့

(၂) ကျေးရွာ/ရပ်ကွက်လူငယ်ဥက္ကဋ္ဌများ။

## အခန်း (၁၁)

### ၂၈။ အရေးယူခြင်း။

(က) ပါတီဝင်တိုင်းသည် ပါတီ၏ စည်းမျဉ်းစည်းကမ်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်ပျက်ကွက်ပါက သတိပေးခြင်း၊ ပါတီတာဝန်မှရပ်ဆိုင်းခြင်း အပါအဝင်၊ အဆုံးစွန်ဆုံးအားဖြင့် ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းထုတ်ပယ်ခြင်းအထိ ပါတီကအရေးယူဆောင်ရွက်ရမည်။

(ခ) ပါတီဝင်များသည် စည်းမျဉ်းစည်းကမ်းချိုးဖောက်ခြင်းကို သင့်တော်သည့် အဖွဲ့ဝင်ဦးရေအား ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက သတ်မှတ်ပြီး ခုံအဖွဲ့ဖြင့် စနစ်တကျစစ်ဆေးမည်။

(ဂ) အရေးယူအပြစ်ပေးခံရသူသည် ပါတီဗဟိုကော်မတီထံ အယူခံတင်သွင်းနိုင်သည်။

### ၂၉။ အသိအမှတ်ပြုခြင်း။

(က) မြန်မာအမျိုးသားကွန်ဂရက်ကို စတင်တည်ထောင်သူများအား ပါတီကိုတည်ထောင်မွေးထုတ်ပေးသူများအဖြစ် စာအားဖြင့်ရေးသားသတ်မှတ်ကာအစဉ်အလေးအမြတ်ပြုရမည်။

(ခ) မြန်မာအမျိုးသားကွန်ဂရက်မှ ပြစ်မှုကင်းစွာဖြင့်နုတ်ထွက်လိုသူများသည်၊ ပါတီဗဟိုကော်မတီ၏ စည်းကမ်းနှင့်အညီ စီမံပေးသည့် ရုံးစနစ်အရ၊ အကြောင်းကြားနိုင်ပြီး မည်သည့်အကြောင်းအားဖြင့် နုတ်ထွက်သည်ဖြစ်စေ ၎င်းနုတ်ထွက်သူအား ပါတီတွင် လက်တွဲဆောင်ရွက်ခဲ့သမျှအတွက် လေးစားအသိအမှတ်ပြုကြောင်း စာအား ဖြင့် ရေးသားသတ်မှတ်ထုတ်ပြန်ပေးရမည်။

## အခန်း (၁၂)

### ၃၀။ ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်ခြင်း။

(က) ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြောင်းလဲ၊ သတ်မှတ်အသစ်အစားထိုးရန် လိုအပ်ပါက၊ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံတွင်တင်ပြပြီး၊ အတည်ပြုချက်ရယူရမည်။

(ခ) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ်စုစုပေါင်း (၇၅)ရာခိုင်နှုန်း၏ သဘောတူညီချက်ရမှသာ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်ဖြည့်စွက်၊ ပြောင်းလဲ၊ အစားထိုးခြင်းတို့အား အတည်ပြုရမည်။